# ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း

## ကင်းတောင်ကျေးရွာ

### ရခိုင်ပြည်နယ်၊တောင်ကုတ်ခရိုင်၊တောင်ကုတ်မြို့

# ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း(VDP)စာအုပ်

(၂၀၂၂ - ၂၀၂၆)


ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီအဖွဲ့

ကင်းတောင်ကျေးရွာအုပ်စု၊ ကင်းတောင်ကျေးရွာ၊ တောင်ကုတ်မြို့နယ်

(သမဝါယမ နှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန)

*(တောင်ကုတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)*



၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ

# မာတိကာ


မာတိကာ

စကားချီး

ကင်းတောင်ကျေးရွာသယံဇာတပြမြေပုံ၊ တောင်ကုတ်မြို့နယ်

**အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် အစီအစဉ်**

(၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု

(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ

(က) တည်နေရာနှင့် ပထဝီအနေအထား

(ခ) ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

(၃) ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

(ခ ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ဂ ) အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

(င ) ပညာရေး

(စ ) ကျန်းမာရေး

(ဆ) ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး

(ဇ ) ကျား/မ ရေးရာ

(၄) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(၅) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ

(၆) ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့်အထက်အဆင့်မှ ကူညီဖြေရှင်းပေးရမည့် ကိစ္စများ

(၇) ဦးစားပေးစီမံချက်များနှင့်၄် အကောင်အထည်ဖော်ဆောင်ရွက်မည့် အချိန်ကာလ

(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်

(ခ) ကဏ္ဍ နှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း
(ဂ) ဦးစားပေး စီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

(၈) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်

(၉) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ
(က) ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏ အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

(၁၀) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း
(က) ကြီးကြပ်စစ်ဆေးခြင်း
(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း
(ဂ) နည်းပညာဆိုင်ရာ အကူအညီ

**နောက်ဆက်တွဲ**

နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ
နောက်ဆက်တွဲ (၂)ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့စာရင်း
နောက်ဆက်တွဲ (၃)ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုဇယား

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၂၂/၂၃ ဘဏ္ဍာရေးနှစ်မှ ၂၀၂၆/၂၇ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက် ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ သမဝါယမ နှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ၊ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့်အကြံဉာဏ်များကို တက်တက် ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်းလူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက် နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုး ပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူ အဖွဲ့တစ်ဖွဲ့ကို မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ် ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့်သတင်း အချက် အလက်တို့၏ အရေးပါမှုကို သိရှိရုံ သာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက် အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း ၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်းကောင်းစွာသိရှိခဲ့ပါ သည်။

ယခုရေးဆွဲထားသော အစီအစဉ်ကိုထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများ နှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာအား ထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်းယုံကြည်ပါသည်။

ဒီဇင်ဘာလ ၊ ၂၀၂၂ ခုနှစ်

ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းကော်မတီ
ကင်းတောင်ကျေးရွာ
တောင်ကုတ်မြို့နယ်

# ကင်းတောင်ကျေးရွာသယံဇာတပြမြေပုံ



## အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာနှင့် လုပ်ငန်းအစီအစဉ်

### ၁ နိဒါန်း

### (က) ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းသည် အစိုးရဌာနများ၊ ပြည်တွင်း/ ပြည်ပ အဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်း အတွေ့အကြုံ များကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံးကျေးရွာ ဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲ အကောင်အထည်ဖော်မည့်အစီအစဉ်သစ်ဖြစ်ကြောင်းသိရှိရပါသည်။

### ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းကို နိုင်ငံတော်၏ အကူအညီ ဖြင့်ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုး ရေးအစီအစဉ်ရေးဆွဲရေး အတွေ့အကြုံ မရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုး ဆိုင်ရာကိန်းဂဏန်း၊ သတင်း အချက်အလက်များပြုစုရန် အရေးကြီးပုံကိုအလေး ထားမိလာ ကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာ များ စသည်တို့ထံမှ လိုအပ် သောကိန်းဂဏန်း၊ သတင်းအချက်အလက်များ ရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရန် လိုအပ်သော နည်းပညာများရရှိရန် အရေးကြီးကြောင်း ကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့ အပိုင်းဖြစ်စေသော အချက်များ နှင့် အဟန့်အတား ဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလ အပြီးတွင် ရရှိအောင် ဆောင်ရွက် လိုသည့် ရည်မှန်း ချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့်ဆောင်ရွက်မည့် နည်းဗျူဟာများ ၊စီမံ ချက်များကို ရှင်းရှင်း လင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများ နှင့်ငွေကြေးရရှိနိုင်မည့်လမ်းကြောင်းများကိုလည်းဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့ အစည်းများ၊ အရပ်ဖက် လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်း နှင့်ပြည်သူ့ ဆက်သွယ်ရေး အဖွဲ့အစည်းများ၏ အာရုံစိုက်မှုကို ရစေပြီးကျေးရွာ ဖွံ့ဖြိုးရေးနှင့်ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ် မှတ်တမ်း၏ အသုံးဝင်မှုများ ကိုသိရှိ စေရန်မျှော်လင့်ပါသည်။

**နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု**

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက်မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကိုစုစည်း ဆောင်ရွက် ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကိုမြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏ လိုလားချက်နှင့် ၎င်းတို့၏စီးပွားရေး ဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင် ရွက်လာနိုင်မည်ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင် အဖွဲ့အစည်းများသည်ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့်လုပ်ငန်း များအားပိုမို သိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသ ရှိငွေကြေး ဆိုင်ရာလိုအပ် ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာ နှင့်ဆိုင်သော ၎င်းတို့ ၏သုတေသနလုပ်ငန်းများ ကိုစီစဉ်ဆောင်ရွက် လာနိုင်မည် ဖြစ်သည်။

မီဒီယာများ၊ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေးရပ်တည်မှုပေးသည့်အဖွဲ့အစည်းများအနေဖြင့်ယုံကြည်ရလောက် သည့် သတင်းအချက်အလက် များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ ၊နိုင်ငံတကာ ငွေကြေးဆိုင်ရာ အဖွဲ့အစည်း များ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင် အဖွဲ့အစည်း များအနေဖြင့် ၎င်းတို့အချင်းချင်း

ပေါင်းစည်း ဆောင်ရွက်မှုပိုမို ကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများပြုလာနိုင်ပါမည်။

**(ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု**

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ ကိုယ်တိုင် တတ်နိုင်သောငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီများ ကိုအခြေခံကာဦးစားပေး စီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲကျယ်ပြန့် သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထား ပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့် ရရှိပြီးအမြင် ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများ ကိုလူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေး အခက်အခဲ၊ နည်းပညာအခက်အခဲများရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့ အကောင် အထည်ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအားအများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့်စီမံကိန်း များကို ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏စွမ်းရည်နှင့် လိုအပ်သော အရင်းအနှီး များပြည့်စုံမှု ပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင် ရွက်သွားမည့် အစီအစဉ်မျိုးဖြစ်ပါသည်။

**၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ**

(က) **တည်နေရာနှင့် ပထဝီဝင် အနေအထား**

ကင်းတောင်ကျေးရွာသည် ရခိုင်ပြည်နယ်၊တောင်ကုတ်ခရိုင်၊ တောင်ကုတ်မြို့နယ်၏ မြောက်ဘက် ရန်ကုန်-စစ်တွေ ကားလမ်းမကြီးဘေးတွင် တည်ရှိ သည့် စံပြကျေးရွာ တစ်ရွာဖြစ်ပါသည် ။ ကျေးရွာတည်ရှိပုံမှာ အရှေ့နှင့် အနောက်သွယ်တန်းလျက်ရှိပါသည် ။ တောင်ဘက်တွင် လယ်ကွင်းများ၊ အနောက်ဘက်တွင် စားကျက်မြေနှင့် မော်ရွာ ကျေးရွာတို့ ရှိပါသည် ။ အရှေ့ဘက်တွင် ကျောက်မောင်နှမရွာ နှင့် မြောက်ဘက်တွင် အလျား ၆၀၀ ပေ၊ အနံ ၂၈ ပေ ခန့် ရှိသော တံတားကြီးရှိပါသည် ။ ကင်းတောင်ကျေးရွာသည် ရန်ကုန်-စစ်တွေ ကားလမ်းမကြီး ဘေးတွင် ကပ်လျက်ရှိသောကြောင့် တောင်ကုတ်မြို့ပေါ်သို့ ကား၊ဆိုင်ကယ် ၊

သုံးဘီးဆိုင်ကယ်တို့ဖြင့် အလွယ်တကူ သွားလာနိုင်ပါသည် ။ တောင်ကုတ်မြို့နှင့် (၁၁)မိုင်ခန့် ကွာဝေးပါသည် ။

## (ခ) ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

တောင်ကုတ်မြို့နယ်သည် ယေဘုယျအားဖြင့် မိုးများသောဒေသဖြစ်ပြီး အနောက်ဘက်တွင် မုတ်သုံလေဝင်ရောက်သည့် မေလမှ အောက်တိုဘာလများတွင် ပူအိုက်စိုစွတ်ကာ အနောက်မြောက်မုတ်သုံလေ ဝင်ရောက်သည့် ဒီဇင်ဘာလမှ မတ်လအထိ အေးမြခြောက်သွေ့သော ရာသီဉတုရှိသည် ။ တစ်နှစ်ပျမ်းမျှ မိုးရေချိန်မှာ (၂၅၀)လက်မခန့်ရှိပါသဖြင့် မိုးစပါးစိုက်ပျိုးရေးကို အထောက်အကူဖြစ်ပါသည် ။ သယာဝပေါက်ပင်များမှာ ဝါး၊ကုက္ကိုု၊သရက်၊ငှက်ပျော၊မှို၊ ပျဉ်းကတိုးစသည့် အပင်များပေါက်ရောက်ပါသည် ။ မိုးစပါးသီးနှံစိုက်ပျိုးနိုင်သည့် လယ် ( )ဧက ၊ နှစ်ရှည်သီးနှံပင် သီဟိုဠ်၊ သရက်၊နာနတ်၊ပိန္နဲစသော အပင်များစိုက်ပျိုးနိုင်သည့် ဥယျာဉ်မြေ ( )ဧက ရှိပါသည်။ ဆောင်းသီးနံအဖြစ် ငရုတ်၊ ခရမ်း၊ မြေပဲ၊ နေကြာစသည့် သီးနှံများ စိုက်ပျိုးကြပါသည် ။

## ၃။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

### (က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ

ကျေးရွာတွင် လူမှုရေးအသင်းအဖွဲ့များရှိပြီး သက်ဆိုင်ရာလုပ်ငန်းများအလိုက် တက်ကြွစွာဆောင်ရွက် ကြပါသည်။ ဂေါပကနှင့် လူပျိုအပျိုအဖွဲ့တို့သည် သာရေး/နာရေး၊ဘာသာရေး၊ လူမှုရေးနှင့် ကျေးရွာဖွံ့ဖြိုးရေး ကိစ္စများတွင် ပူးပေါင်းပါဝင် ဆောင်ရွက်ကြပါသည်။ ထို့ပြင် ကျေးရွာလုံခြုံရေးနှင့် ပတ်သက်သော ကိစ္စကြီးငယ် ပေါ်ပေါက်ခဲ့လျှင် ရပ်မိရပ်ဖအဖွဲ့နှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ပူးပေါင်းကာ ကျေးရွာ တည်ငြိမ် အေးချမ်းရေး နှင့်လုံခြုံရေးအတွက် အားတက်သရော ပါဝင်ကြကြောင်း လေ့လာတွေ့ရှိရပါသည်။

ကျေးရွာပြင်ပမှ အသေးစားချေးငွေအဖွဲ့များနှင့် အစိုးရမဟုတ်သော ဖွံ့ဖြိုးရေးအဖွဲ့အစည်း များ၏ ဦးဆောင်မှုဖြင့် ဖွဲ့စည်းထားသော ကျေးရွာအဖွဲ့အချို့ရှိသော်လည်း သက်ဆိုင်ရာ စီမံချက်လုပ်ငန်း အကောင်အထည်ဖော်ရုံမျှသာ ဖွဲ့စည်းထားသည့် ပုံစံဖြစ်ပါသည်။ ကျေးရွာအတွင်း စည်းလုံး ညီညွတ်မှု၊ ရပ်မိရပ်ဖများ ဩဇာသက်ရောက်မှုများကြောင့် အဖွဲ့ အစည်းများအကြား ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုနှင့် သက်ဆိုင်သည့် ချိတ်ဆက်ဆောင်ရွက်မှုသည် အသင့်အတင့်ကောင်းမွန်ကြသည်ဟု ဆိုနိုင်သည်။

### (ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

ကျေးရွာ၏အဓိက ဝင်ငွေရလုပ်ငန်းမှာစိုက်ပျိုးရေးလုပ်ငန်းဖြစ်သည်။ မိုးရာသီတွင် နှစ်စဉ် မိုးစပါးစိုက်ပျိုးကြသည် ။ ကျေးရွာ၏ အဓိက စိုက်ပျိုးသီးနှံသည် မိုးစပါးဖြစ်ပြီး မိုးရာသီတွင် သဘာဝအလျောက်ပေါက်ရောက်နေသော ဝါးတောမှ မျှစ်ချိုးခြင်း၊ ဆူးပုတ်၊ ရှောက်သီး၊ သံပုရာသီး၊ နာနတ် ၊ငှက်ပျောနှင့် ဆောင်းသီးနှံအဖြစ် ငရုတ်၊ ခရမ်းပဲ၊ နေကြာစသည်တို့ကို စိုက်ပျိုးကြသည် ။ ကျေးရွာတွင် မိုးစပါးစိုက်ပျိုးမြေ (၁၀၅)ဧက ၊ ဥယျာဉ်မြေ စိုက်ပျိုးနိုင်သောမြေ (၂၀၀)ဧကရှိပါသည် ။ နှစ်စဉ်ကျေးရွာမှ မိုးစပါးတင်ရေ (၅၀၀၀)ခန့် ထွက်ရှိသည် ။ မိုးစပါးကို ဇွန်လနှင့် ဩဂုတ်လများတွင် စတင်စိုက်ပျိုးလေ့ရှိပါပြီး နိုဝင်ဘာလတွင် ရိတ်သိမ်းကြသည် ။ မိုးစပါးအထွက်နှုန်းမှာ တစ်ဧကလျှင် ပျမ်းမျှ (၃၀) တင်းဖြစ်ပါသည် ။ စပါး၊နာနတ်၊ သရက်၊ ငှက်ပျောနှင့် အခြားဟင်းသီးဟင်းရွက်များသည် ဈေးကောင်းမရသောကြောင့် လယ်သမားများ နှင့် ဥယျာဉ်ခြံမြေ စိုက်ပျိုးသူများမှာ အကျိုးအမြတ်ရရှိမှု အလွန်နည်းးပါးလှပါသည် ။ မိရိုးဖလာစိုက်ပျိုးသော ငရုတ်၊ ခရမ်း၊ စပါး၊ ဆူးပုတ်၊သီဟိုဋ်၊ နာနတ် စသည်တို့ကိုသာ စိုက်ပျိုးလေ့ရှိပြီး အခြားဈေးကွက်ဝင် သီးနံများကို စိုက်ပျိုးလေ့မရှိကြပါ။ကင်းတောင် ကျေးရွာသည် တောင်သူလယ်သမားများ အလွန်ပေါများပြီးရေလုပ်ငန်းလုပ်ကိုင်သူ နည်းပါးလှသည် ။ မိမိတို့စားသုံးရန်အတွက်သာလုပ်ကိုင်ကြသည် ။မိုးနှောင်းရာသီဖြစ်သော တော်သလင်း၊ သီတင်းကျွတ် နှင့် နွေရာသီဖြစ်သော တန်ခူး၊ကန်ဆုန်လများတွင် မြေပဲ ၊ နှမ်း၊ ကြံသကာစသည်တို့ကို ပြုလုပ်ကြသည်။စိုက်ပျိုးရေး၊မွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများအနေဖြင့် ဈေးရောင်းလုပ်ငန်း၊ မုန့်ရောင်းလုပ်ငန်းနှင့် တစ်နေ့လုပ်တစ်နေ့စား ကျဘမ်းအလုပ်သမားများနှင့် တောင်သူများပေါများသောကြောင့် လုပ်ငန်းရှင်များနည်းပါး၍ ဝင်ငွေနည်းပါးကြပါသည် ။

### (ဂ) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

ကျေးရွာတွင် ရွာသူ/သားများအားလုံးသည် သန့်ရှင်းသောသောက်သုံးရေသုံးစွဲနိုင်ရန်အတွက် တေရတွင်းများ၊တုံကင်များမှ ရေကိုသောက်သုံးလေ့ရှိပါသည် ။ ကျေးရွာတွင် အထက်တန်းကျောင်းရှိပါသည် ။ ကျောင်းနေရွယ်ကလေးအများစုမှာ ကျောင်းပညာရေးဝန်ဆောင်မှုများကို လက်လှမ်းမီကြပါသည် ။ တစ်ရွာလုံး၏ ကျန်းမာရေးစောင့်ရှောက်မှုအတွက် ဆေးပေးခန်းရှိပါသည် ။ သို့သော် ကြီးမားသော ရောဂါ၊ လွန်ကဲသော ဒဏ်ရာ၊ ခက်ခဲသောကိုယ်ဝန်ဆောင်များအတွက် အလွန်အန္တရာယ်များလှပါသည် ။ ထို့ကြောင့် ဆေးပေးခန်းနှင့် မလုံလောက်ဘဲ ဆေးရုံတစ်ခု လိုအပ်ပါသည် ။ ကျေးရွာအတွင်းတွင်း အလင်းရောင်ရရှိရန် မဟာဓါတ်အားလိုင်းမှ ပေးသော လျှပ်စစ်မီးကို သုံးစွဲကြပါသည် ။

**(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု**

ငွေကြေးရေးဝန်ဆောင်မှုအနေဖြင့် တောင်သူလယ်သမားများအတွက် မိုးစပါးစိုက်ပျိုးနိုင်ရေးအတွက် လိုအပ်သော ချေးငွေကို မိုးစပါးစိုက်ပျိုးနိုင်ရန် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တစ်ဧကလျှင်(၁၅၀၀၀၀) ကျပ်နှုန်းဖြင့် ငွေ ထုတ်ချေးပါသည်။ မြစိမ်းရောင်စီမံကိန်း လည်းရှိပြီး အခြားအသေးစားချေးငွေ ဝန်ဆောင်မှုများ အနေဖြင့် ပက်မြန်မာအဖွဲ့အစည်း အသေးစားချေးငွေလုပ်ငန်းကို အစုအဖွဲ့စနစ်ဖြင့်ဆောင်ရွက်ပါသည်။ အစုတစ်ဖွဲ့လျှင်လူဦးရေ(၅)ဦးဖြင့် အဖွဲ့(၂၀)ရှိပြီး အနည်းဆုံး ချေးငွေမှာကျပ်(၁၀၀၀၀၀/-)မှ အများဆုံး ကျပ်(၆၀၀၀၀၀/-)ထိ ထုတ်ချေးပေးပါသည်။ အတိုးနှုန်းမှာ(၁.၅)ကျပ်ဖြစ်ပြီး တစ်လလျှင်နှစ်ကြိမ် နှုန်းဖြင့် (၂၅)လအတွင်း အတိုးအရင်း အကြေဆပ်ရသော စနစ်ဖြစ်ပါသည်။ထိုသို့ ချေးငွေရရှိခြင်းအားဖြင့် ကျေးရွာတွင်းရှိ အလုပ်လုပ်ကိုင်လို သူများအတွက် အခွင့်အလမ်းများ၊ရင်းနှီးမြှပ်နှံမှုများ ပိုမိုလုပ်ဆောင် လာနိုင်ကြောင်း တွေ့ရှိရပါသည်။

**(င) ပညာရေး**

ကျေးရွာ၏ပညာရေးအဆင့်အတန်းသည် အသင့်အတင့်ရှိကြောင်း တွေ့ရှိရပါသည်။ ရွာသားအများစုသည် အခြေခံအရေးအဖတ်၊အတွက်တို့ကို တတ်မြောက်ကြပြီး တက္ကသိုလ်ပညာရပ်များဖြင့် ဘွဲ့ရသူများ လည်းရှိပါသည်။ ကျေးရွာတွင် အထက်တန်းအဆင့် ကျောင်းရှိပြီး ၊ အခြေခံပညာမူလတန်း၊ အလယ်တန်း၊ အထက်တန်းစုစုပေါင်းကျောင်းသားဦးရေ မှာ (၁၀၀၀)ခန့် ရှိပါသည် ။ ရွာ၏ အထက်ပိုင်းရပ်တွင် အခြေခံပညာမူလတန်းတစ်ကျောင်းနှင့် ရွာ၏ အလယ်ပိုင်းတွင် အလယ်တန်း၊မူလတန်း၊ အထက်တန်းကျောင်း ၊ စုစုပေါင်းကျေးရွာအတွင်း ကျောင်းနှစ်ကျောင်း ရှိပါသည် ။ ထိုကျောင်းနှစ်ကျောင်း၏ စုစုပေါင်းကျောင်းသူ၊ သား ဦးရေမှာ

**(စ) ကျန်းမာရေး**

ကျေးရွာသူ/သားများသည် အများအားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး ကူးစက်ရောဂါဖြစ်ပွားမှု မရှိသလောက်နည်းပါးသည်။ နှစ်စဉ်မိုးရာသီတွင် ကလေးသူငယ်များ သွေးလွန်တုပ်ကွေးဖြစ်ပွားတတ်ပြီး လူငယ်၊ လူကြီးများတွင် မိုးရာသီတုပ်ကွေးရောဂါ ကူးစက်ခံရလေ့ရှိသည်။ စပါး၊ ဟင်းသီးဟင်းရွက်ပဲမျိုးစုံ စိုက်ပျိုးထွက်ရှိခြင်း၊ အလုပ်အကိုင်အထိုက်အလျောက် အဆင်ပြေခြင်း၊ မိသားစုများဝမ်းစာအတွက်နေ့စဉ်ဝင်ငွေ အသင့်ရှိသောကြောင့် ကျေးရွာအိမ်ထောင်စုဝင်များ ကလေးသူငယ်များ အပါအဝင်ယေဘုယျအားဖြင့် အာဟာရဓာတ် ချို့တဲ့မှုမရှိကြပါ။ သို့သော် မည်သို့ပင်ကျန်းမာရေးကောင်းစေကာမူ ကြီးမားသောဒဏ်ရာ ရရှိမှု၊ ကိုယ်ဝန်ဆောင်များနှင့် လတ်တလေဖြစ်တတ်သော အဆိပ်ရှိသတ္တဝါများ ကိုက်ခံရမှု ၊ ကြီးမားသော

အသက်ဘေးအန္တရာယ်ကြုံတွေ့ရပါက အပြည့်အဝ ကျန်းမာရေးစောင့်ရှောက်မှု ရရှိရန် ဆေးရုံ လိုအပ်ကြောင်း တွေ့ရှိရပါသည် ။

### (ဆ) ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကျေးရွာမှ လယ်မြေများသည် နှစ်စဉ်စပါးစိုက်ပျိုးခြင်း၊ သဘာဝ သစ်ဆွေးမြေသြဇာများ နှစ်စဉ်ထည့်သွင်းခြင်းတို့ကြောင့် မြေဆီလွှာများ ပျက်ယွင်းမှု မရှိကြောင်း တွေ့ရှိရပါသည် ။ ချောင်းမြောင်းများ တိမ်ကောလာသောကြောင့် မိုးရာသီတွင် ရေကြီးခြင်း၊ မိုးခေါင်ခြင်း၊ လယ်ယာမြေနှင့် ကိုင်းကျွန်းများ ရေလွှမ်းမိုးမှုကြောင့် ကျောက်၊သဲဖုံးလွှမ်းခြင်း၊ ချောင်း၊ မြောင်းများ တိမ်ကောလာခြင်းတို့ကို ဖြစ်ပေါ်လာစေပါသည် ။ မိုးရာသီ ရေကြီးရေးလျှံဖြစ်မှုကြောင့် ရွာသူရွာသားများ သောက်သုံးရေမသန့်ရှင်းသည့်အတွက် ဝမ်းလျှောရောဂါများဖြစ်တတ်ပါသည် ။ နွေးရာသီတွင် အပူချိန်များသည့်အတွက် ပိုးမွှားကျရောက်မှု များပြားပါသည် ။

### (ဇ) ကျား – မ ရေးရာ

တရာဘကျေးရွာတွင် အမျိုးသမီးအများစုမှာ ကျေးရွာ၏ စီမံအုပ်ချုပ်မှုစနစ်တွင် ပါဝင်မှုရှိကြောင်း တွေ့ရှိရပါသည် ။ အခြားဘာသာရေးပွဲတော်များနှင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အမျိုးသားများ က ဦးဆောင်ကြသော်လည်း အမျိုးသမီးများ၏ ပါဝင်ဆောင်ရွက်မှု၊ စီမံခန့်ခွဲမှုများကိုလည်းတွေ့ ရပါသည်။ အမျိုးသမီးအများစုမှာ အိမ်မှုကိစ္စများကိုသာ ဆောင်ရွက်ရခြင်းကြောင့် ပြင်ပဝင်ငွေရလုပ်ငန်းများတွင် အမျိုးသားများကဲ့သို့ ဆောင်ရွက်နိုင်ခြင်းမရှိချေ။ အမျိုးသမီးမျာသည် အကြမ်းဖက်မှုများအတွက် ဥပဒေနှင့် တရားမျှတမှု ၊ အမျိုးသမီးအခွင့်အရေးအသိပညာများ သိရှိရပါသည် ။

၄။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

| စဉ် | ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်း | ဦးစားပေးအဆင့် |
|---|---|---|
| ၁ | ကျေးရွာတွင်းချောင်းကျောက်ခင်းခြင်းလုပ်ငန်း | ၁ |
| ၂ | Box culvert (၁၀)စင်းတည်ဆောက်ခြင်းလုပ်ငန်း | ၂ |
| ၃ | ကျေးရွာအုပ်ချုပ်ရေးမှူးရုံး တည်ဆောက်ခြင်းလုပ်ငန်း | ၃ |
| ၄ | ကျေးရွာတွင်းလမ်းအုတ်ရေမြောင်း ပြုလုပ်ခြင်းလုပ်ငန်း | ၄ |
| ၅ | စာသင်ကျောင်းအုတ်ခြံစည်းရိုးကာရံခြင်းလုပ်ငန်း | ၅ |

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား ( ၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | မသန်စွမ်းသူအရေအတွက် | |
|---|---|---|---|---|---|---|
| | | | | | ကျား | မ |
| ၁ နှစ် အောက် | နို့စို့အရွယ် | ၂၃ | ၁၆ | ၃၉ | ၁ | |
| ၁ နှစ်မှ ၄ နှစ် | ၅ နှစ်အောက်ကလေးငယ် | ၄၉ | ၄၁ | ၉၀ | | |
| ၅ နှစ်မှ ၉ နှစ် | မူလတန်းကျောင်းသားအရွယ် | ၇၉ | ၉၄ | ၁၇၃ | | |
| ၁၀ နှစ်မှ ၁၄ နှစ် | အလယ်တန်းကျောင်းသားအရွယ် | ၁၁၄ | ၁၁၁ | ၂၂၅ | | |
| ၁၅ နှစ်မှ ၆၄ နှစ် | အလုပ်လုပ်နိုင်သည့်အရွယ် | ၁၁၄ | ၁၁၁ | ၂၂၅ | | |
| ၆၅ နှစ် နှင့် အထက် | သက်ကြီးရွယ်ကြီး | ၁၀၀ | ၁၆၂ | ၂၆၂ | | |
| စုစုပေါင်း | | ၄၇၉ | ၄၆၅ | ၉၄၄ | | |
| စုစုပေါင်း အိမ်ထောင်စု | | ၇၁၂ | | | | |

လေ့လာတွေ့ရှိချက်။။ ကျေးရွာရှိ လူဦးရေ၏ (၂၈)ရာခိုင်နှုန်းခန့်သည် သက်ကြီးရွယ်အိုများဖြစ်ပြီး (၂၃)ရာခိုင်နှုန်းခန့် သည် အလုပ်လုပ်နိုင်သည့် အရွယ်ဖြစ်ပါသည် ။ (၄၂)ရာခိုင်နှုန်းခန့်သည် ကျောင်းနေအရွယ် ကလေးသူငယ်များဖြစ်ပြီးနို့စို့အရွယ်ကလေးငယ်မှာ အနည်းငယ်သာရှိပါသည် ။ယခင်ကထက် လူဦးရေတိုးပွားမှုနှုန်းလျော့ကျလာသည်ဟု ဆိုရပါမည် ။

(ခ) အလုပ်လုပ်နိုင်သူအင်အား

(ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်း အဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| စိုက်ပျိုးစီးပွား လုပ်ငန်းများ | | | | | | | | |
| ၁ | လယ်ယာစိုက်ပျိုးရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၂၆၉ | ၃၅၀ | | ၂၀၀ | ၁၅၀ | | မြင့် ☐ လတ် ☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၆၀ | ၉၀ | | ၅၀ | ၄၀ | | မြင့် ☐ လတ် ☑ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ် ပြီးမှန်ရာတစ်ခု ကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင် သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၄ | ၉ | | ၄ | ၅ | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၂ | ၇ | | ၂ | ၅ | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၄ | **သစ်တောလုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၅ | ၇ | | ၄ | ၃ | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား | | | | | | | မြင့် ☐ လတ်☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | / ဝန်ထမ်း | | | | | | | နိမ့် ☐ |
| ၉ | ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၀ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၁ | လက်လီ- လက်ကား ရောင်းဝယ်ရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၃၅ | ၆၉ | ၁၀ | ၃၄ | ၄၅ | | မြင့် ☐ လတ်☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐နိမ့် ☐ |
| ၁၂ | ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၃ | ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၄ | ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း) | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၅ | အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား | | | | | | | မြင့် ☐ လတ်☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | / ဝန်ထမ်း | | | | | | | နိမ့် ☐ |
| ၁၆ | ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး) | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၇ | ပညာရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၃ | ၅ | | ၃ | ၂ | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၈ | ကျန်းမာရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၃ | ၅ | | ၃ | ၂ | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၉ | လူမှုရေး လုပ်ငန်းများ | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၂၀ | အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | ☒ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား | ၂၀၀ | ၃၅၀ | ၂၀ | ၂၀၀ | ၁၅၀ | | |
| ၂၁ | ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | စုစုပေါင်း | ၅၈၁ | ၉၀၂ | ၃၀ | ၅၀၀ | ၄၀၂ | | ☒ |

**လေ့လာတွေ့ရှိချက်** ။ ။ ကျေးရွာ၏ ဝင်ငွေရ လုပ်အားများသည် ရာသီအလိုက် ကျပန်းအလုပ်သမားများ

များပြားပြီး ကိုယ်ပိုင်လယ်လုပ်ခြင်းနှင့် ကိုင်းလုပ်ခြင်းတို့သည် ဒုတိယ အများဆုံးဖြစ်သည် ။ အခြားကိုယ်ပိုင်ကုန်ထုတ်လုပ်ငန်း၊ မွေးမြူရေးနှင့် လက်လီလက်ကားရောင်းဝယ်သူ အနည်းငယ်ရှိသည် ။

**(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား**

**ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား**

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၇၀၀၀ | ၆၀၀၀ | ၆၀၀၀ | ၅၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | | | | |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း) | နေ့စား | | | | |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | | | | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | ၅၀၀၀ | ၄၀၀၀၀ | ၄၀၀၀ | ၃၀၀၀ |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၇၀၀၀ | ၄၀၀၀ | ၆၀၀၀ | ၃၀၀၀ |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | | | | |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | | | | |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | နေ့စား | | | | |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း | နေ့စား | | | | |

လေ့လာတွေ့ရှိချက်။။ ကျေးရွာတွင် လုပ်ငန်းအလိုက် ကျားမနေ့စား အခကြေးငွေရှင်းပေးသည့် စနစ်ဖြစ်ပြီး၊ ကျားမ လုပ်ငန်းခနှုန်းထား အနည်းငယ်ကွာကြောင်း တွေ့ရသည် ။

**(ဂ) သဘာဝရင်းမြစ်များ**

**(ဂ-၁) စိုက်ပျိုးနိုင်သောမြေဧရိယာ**

**ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု**

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|
| လယ်မြေ | ၁၀၀၅ | ကောင်း ☐ သင့်☑ ညံ့ ☐ |
| ယာမြေ / တောင်ယာမြေ | ၃၀ | ကောင်း ☐ သင့်☐ ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | ၁၀၀ | ကောင်း ☐ သင့်☑ ညံ့ ☐ |
| ကိုင်း/ကျွန်းမြေ | ၅၀၀ | ကောင်း ☐ သင့်☐ ညံ့ ☐ |
| ဓနိတောမြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| စားကျက်မြေ | ၆၀ | ကောင်း ☐ သင့်☐ ညံ့ ☐ |
| မြေလွတ်မြေလပ် | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| စုစုပေါင်း | ၉၀၃ | ☒ |

လေ့လာတွေ့ရှိချက်။ ။ကျေးရွာ၏ လယ်မြေဧကများသော်လည်း လယ်ယာမြေအရည်အသွေးအသင့်အတင့်ရှိသည် ။ မြေလွတ်မြေလပ်မရှိ၍ အခြားစိုက်ပျိုးလုပ်ကိုင်ရန် အခွင့်အလမ်းနည်းပါသည် ။

(၈-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

| အမျိုးအစား | ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|
| သတ္တုနှင့်အခြားတွင်းထွက် သယံဇာတများ (ဓာတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။) | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☑ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| ကျောက်၊သဲ၊ကျောက်စရစ်စသည်များ | များ ☑ သင့်☐ နည်း ☐ မရှိ ☐ | လွယ် ☑ခက်☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐အပြောင်းအလဲမရှိ ☑ |
| သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ) | များ ☐ သင့်☑ နည်း ☐ မရှိ ☐ | လွယ် ☐ ခက်☑ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| သဘာဝတိရစ္ဆာန်မျိုးစိတ်များ | များ ☐ သင့်☐ နည်း ☑ မရှိ ☐ | ☒ | လျော့ ☑ တိုး ☐ အပြောင်းအလဲမရှိ ☐ |
| ရေ - မြေပေါ်ရေ (အင်း၊အိုင်၊ကန်၊ချောင်း၊မြစ်၊စိမ့်စမ်း) | များ ☐ သင့်☑ နည်း ☐ မရှိ ☐ | လွယ် ☐ ခက်☑ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| ရေ - မြေအောက်ရေ (တွင်းတိမ်၊တွင်းနက်၊လက်တူးတွင်း) | များ ☑ သင့်☐ နည်း ☐ မရှိ ☐ | လွယ် ☐ ခက်☑ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐☑ |
| သစ်တော - အပူပိုင်းသစ်တော | များ ☐ သင့်☑ နည်း ☐ မရှိ ☐ | လွယ် ☐ ခက်☑ အသုံးမပြုနိုင်ပါ ☐ | လျော့ ☑ တိုး ☐ အပြောင်းအလဲမရှိ ☐ |
| သစ်တော - ဒီရေတောများ | များ ☐ သင့်☐ နည်း ☑ မရှိ | လွယ် ☐ ခက်☑ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |

လေ့လာတွေ့ရှိချက်။။ ကျေးရွာတွင် သဲ၊ ကျောက် များစွာထွက်ရှိပြီး နွားစာအတွက် စားကျက်မြေ အနည်းငယ်ရှိသည်။ ဒီရေတောအနည်းငယ်ရှိပြီး သဘာဝသစ်တော တိရစ္ဆာန်မျိုးစိတ်များ ရှားပါး ကြောင်း တွေ့ရသည် ။

(ဃ) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိ သောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည်သော အိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | များ | အသင့်အတင့်☑ | နည်း☑ | အလွန်နည်း (သို့) မရှိ |
| အိမ်အခြေအနေ | အလွန်ကောင်း | အသင့်အတင့် ကောင်း☑ | ညံ့☑ | အလွန်ညံ့ |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု | များ | အသင့်အတင့်☑ | နည်း | မရှိ |
| အဓိကစီးပွားရေးလု ပ်ငန်း | စီးပွား (ဝင်ငွေ) အလွန်ကောင်း | စီးပွား (ဝင်ငွေ) အသင့်အတင့် | စီးပွား (ဝင်ငွေ) နည်း☑ | စီးပွား (ဝင်ငွေ) အလွန်နည်း |
| အိမ်ထောင်စု | ၃၅၀ | ၁၄၀ | ၁၂၂ | ၁၀၀ |

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ၏ ဥစ္စာဓနအဆင့်အခြေအနေအရ အဆင်ပြေသော အိမ်ထောင်စု အသင့်အတင့်ရှိပြီး အဆင်မပြေသောအိမ်ထောင်စု နည်းပါးကြောင်း တွေ့ရှိရပါသည် ။

(င) ထိခိုက်လွယ်မှု

(င-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီ)

| အချိန်ကာလ | အိမ်ထောင်စုအ ရေအတွက် | အမျိုးသမီးဦးဆောင် သည့်အိမ်ထောင်စုအ ရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအ လိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်) |
|---|---|---|---|
| ၃လအောက်ဝမ်း စာဖူလုံမှု | | | အခြားအစာပြောင်းလဲစား = ___________<br>အစာလျှော့စား = ___________<br>အထောက်အပံ့ယူ = ___________<br>ချေးယူ = ___________<br>လုပ်အားခကြိုယူ = ___________ |
| ၃လနှင့်၆လကြားဝ မ်းစာဖူလုံမှု | | | အခြားအစာပြောင်းလဲစား = ___________<br>အစာလျှော့စား = ___________<br>အထောက်အပံ့ယူ = ___________<br>ချေးယူ = ___________<br>လုပ်အားခကြိုယူ = ___________ |
| ၆လမှ၁၂လအထိဝ မ်းစာဖူလုံမှု | | | အခြားအစာပြောင်းလဲစား = ___________<br>အစာလျှော့စား = ___________<br>အထောက်အပံ့ယူ = ___________<br>ချေးယူ = ___________<br>လုပ်အားခကြိုယူ = ___________ |

လေ့လာတွေ့ရှိချက်။ ။

(၄-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အိုဖြင့်နှစ်နှင့်အထက် | | | |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ် | | | |
| | အိမ်ထောင်စုအရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု | | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု | | | |
| အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့်ဆင်းရဲသည့်အိမ်ထောင်စု | | | |

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ မရှိကြောင်း တွေ့ရှိရပါသည် ။

(၄-၃) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

ဇယား (၉) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေနှင့်ဘေးအန္တရာယ်လျှော့ချရေးအစီအမံများ

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျှော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ) | | |
|---|---|---|---|---|---|---|---|
| | သဘာဝဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၁ | မြစ်ရေကြီးမှု | | ✓ | | | | |
| ၂ | လျှပ်တပြက်ရေကြီးခြင်း | | ✓ | | | | |
| ၃ | မုန်တိုင်းဒီရေ | ✓ | | | | | |
| ၄ | ဆူနာမီ | ✓ | | | | | |
| ၅ | တိုင်ဖုန်းမုန်တိုင်း | ✓ | | | | | |
| ၆ | လေဆင်နှာမောင်း | ✓ | | | | | |
| ၇ | ငလျင် | ✓ | | | | | |
| ၈ | အပူလှိုင်း | ✓ | | | | | |
| ၉ | စိုက်ပျိုးမြေများတွင်ရေငံဝင်ရောက်မှု | ✓ | | | | | |
| ၁၀ | အအေးလှိုင်း | ✓ | | | | | |
| ၁၁ | မိုးသီးကြွေကျမှု | ✓ | | | | | |

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ) | | |
|---|---|---|---|---|---|---|---|
| ၁၂ | မိုးခေါင်ခြင်း | | ✓ | | | | |
| ၁၃ | တောမီးလောင်ခြင်း | ✓ | | | | | |
| ၁၄ | မြစ်ကမ်းပါးပြိုခြင်း | | ✓ | | | | |
| ၁၅ | ကမ်းရိုးတန်းတိုက်စားမှု | | | | | | |
| ၁၆ | မြေပြိုခြင်း | ✓ | | | | | |
| | လူကြောင့်ဖြစ်တဲ့ဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၁၇ | စားနပ်ရိက္ခာမဖူလုံမှု | ✓ | | | | | |
| ၁၈ | သဘာဝအရင်းအမြစ်ရှားပါးမှု (မြေ၊ရေ) | | ✓ | | | | |
| ၁၉ | မြေပြိုခြင်း၊မြေဆီလွှာပျက်စီးခြင်း | | ✓ | | | | |
| ၂၀ | သစ်တောပြုန်းတီးခြင်း | | | ✓ | | | |
| ၂၁ | ငှက်ဖျားရောဂါ | ✓ | | | | | |
| ၂၂ | တီဘီရောဂါ | | ✓ | | | | |
| ၂၃ | ကိုယ်ခံအားကျဆင်းမှုရောဂါ | ✓ | | | | | |
| ၂၄ | ကပ်ရောဂါ | | ✓ | | | | |
| ၂၅ | ပြည်တွင်းပဋိပက္ခ | ✓ | | | | | |
| ၂၆ | တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု | ✓ | | | | | |
| ၂၇ | လူကုန်ကူးခြင်း | ✓ | | | | | |
| ၂၈ | ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်းစသည် | ✓ | | | | | |

**လေ့လာတွေ့ရှိချက်။** ကျေးရွာ၏ ထိခိုက်လွယ်မှု အခြေအနေတွင် သစ်တောပြုန်းတီးခြင်းနှင့် တီဘီရောဂါဖြစ်ပွားမှုတို့ အမြင့်ဆုံးဖြစ်ကြောင်း တွေ့ရှိရပါသည် ။

(င-၄) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ
ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ) | | |
|---|---|---|---|---|---|---|---|
| | သဘာဝဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၁ | လူငယ် | ✓ | | | | | |
| ၂ | အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့်အိမ်ထောင်စု | ✓ | | | | | |
| ၃ | ဆင်းရဲသားတောင်သူ | | ✓ | | | | |
| ၄ | သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင်သောအိမ်ထောင်စု/ ကူးစက်ရောဂါထူပြောသောဒေသတွင်နေထိုင်သူ | ✓ | | | | | |
| ၅ | ပင်လယ်/မြစ်ကမ်းဘေးနေထိုင်သူများ | | | | | | |
| ၆ | မတော်တဆမှုဖြစ်နိုင်ချေများသောနေရာတွင်နေထိုင်သူများ | ✓ | | | | | |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွါရွှေ့ပြောင်းခံရသူများ (IDP) | | | | | | |
| ၈ | မြေနိမ့်ပိုင်းနေထိုင်သူများ | ✓ | | | | | |
| ၉ | ငါးကန်ပိုင်ရှင်များ | | | | | | |
| ၁၀ | လက်လုပ်လက်စားများ၊ကျပန်းများ | | ✓ | | | | |
| ၁၁ | လူနည်းစုလူမျိုးများ | | | | | | |
| ၁၂ | ဒေသတွင်းပဋိပက္ခဧရိယာတွင်နေထိုင်သူများ | | | | | | |
| ၁၃ | နယ်စပ်ဒေသတွင်နေထိုင်သူများ | | | | | | |
| ၁၄ | ရွှေတွင်းလုပ်သားများ | | | | | | |
| ၁၅ | လှည့်လည်သွားလာ၍ဈေးရောင်းသူများ | | | | | | |
| ၁၆ | နေရပ်ပြန်အခြေချသူများ | | | | | | |
| ၁၇ | ရွှေ့ပြောင်းလုပ်သားများ | | | | | | |
| ၁၈ | ကားမောင်းပြီးအသက်မွေးသူများ | ✓ | | | | | |

လေ့လာတွေ့ရှိချက်။။ ကျေးရွာတွင် သဘာဝဘေးအန္တရာယ်များကျရောက်လာပါက ထိခိုက်လွယ်မှု အခြေအနေသည် အနိမ့်ဆုံးအဆင့်တွင် များကြောင်း တွေ့ရှိရပါသည်။

(၂) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများအခြေအနေ

(က-၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား(မှန်ရာတစ်ခုကိုသာရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန်(အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။) | စွမ်းဆောင်နိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| ၁ | အုပ်ချုပ်ရေး | ၁☑၂☐၃☐ | ၃ | -- | ၃ | ပညာရေး☐ငွေကြေးကျန်းမာရေး☐<br>ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး<br>လုံခြုံရေးနှင့်ကာကွယ်ရေး☑ | ကောင်း☑<br>သင့်☐<br>ညံ့☐ |
| ၂ | ဂေါပက | ၁☐၂☑၃☐ | ၈ | ၄ | ၁၂ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☑ဘာသာရေး☑<br>စိုက်ပျိုးမွေးမြူရေး☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑<br>လုံခြုံရေးနှင့်ကာကွယ်ရေး☑ | ကောင်း☑<br>သင့်☐<br>ညံ့☐ |
| ၃ | ပရဟိတ | ၁☐၂☑၃☐ျ | ၉ | | ၉ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☑<br>စိုက်ပျိုးမွေးမြူရေး☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑<br>လုံခြုံရေးနှင့်ကာကွယ်ရေး☑ | ကောင်း☑<br>သင့်☐<br>ညံ့☐ |

လေ့လာတွေ့ရှိချက်။။ ကျေးရွာတွင် ဂေါပကအဖွဲ့ (သို့) သာသနာ့အကျိုးတော်ဆောင်အဖွဲ့များမှာ အားတက်စွာပါဝင်လျက်ရှိကြောင်းနှင့် ချမ်းမြေ့မေတ္တာပရဟိတအဖွဲ့တို့သည်လည်း အားရနှစ်သက်ဖွယ်ကောင်းလောက်အောင်ဆောင်ရွက်လျက်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(က-၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

| စဉ် | အမည် | အဖွဲ့အစည်းအမျိုးအစား(မှန်ရာတစ်ခုကိုသာရွေးရန်) | အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့်အစီအစဉ်(အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်) |
|---|---|---|---|
| ၁ | SMU Korea | ၁☐၂☑၃☐၄☐၅☐၆☐၇☐ | ပညာရေး☐ငွေကြေး<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑ |

| စဉ် | အမည် | အဖွဲ့အစည်းအမျိုးအစား(မှန်ရာတစ်ခုကိုသာရွေးရန်) | အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့်အစီအစဉ်(အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်) |
|---|---|---|---|
| ၂ | ပက်မြန်မာ | ၁☐၂☑၃☐၄☐၅☐၆☐၇☐ | ပညာရေး☐ငွေကြေး☑<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐ |

လေ့လာတွေ့ရှိချက်။။ ကျေးရွာတွင် SMU Korea နှင့် ပက်မြန်မာ အဖွဲ့မှ ငွေကြေးနှင့် လူမှုဖွံ့ဖြိုးရေး ဝန်ဆောင်မှုများ ရယူကြောင်း လေ့လာ တွေ့ရှိရပါ သည်။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှုအရွယ်အစား (မြေပိုင်ဆိုင်သည့်အိမ်ထောင်စုများ)

ဇယား (၁၃) စိုက်ပျိုးမြေပိုင်ဆိုင်မှု

| စဉ် | မြေပိုင်ဆိုင်မှုအရွယ်အစား | အိမ်ထောင်စု အရေအတွက် | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု အရေအတွက် | ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက် |
|---|---|---|---|---|
| ၁ | မြေယာမဲ့ | ၄၀၀ | ၁၁၁ | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ကေအောက် | ၁၅၂ | ၅ | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ကေမှ၅ကေကြား | ၇၀ | ၃ | တောင်သူငယ် |
| ၄ | ၅ကေမှ၁၂.၅ကေကြား | ၈၀ | ၄ | တောင်သူလတ် |
| ၅ | ၁၂.၅ကေအထက် | ၁၀ | | တောင်သူကြီး |
| ကျေးရွာရှိအိမ်ထောင်စုစုစုပေါင်း | | ၇၁၂ | ၁၂၃ | ☒ |

လေ့လာတွေ့ရှိချက်။။ ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စုအရေအတွက် များပြားပြီး၊ ၁၂.၅ ကေအထက် တောင်သူကြီးအိမ်ထောင်စုအရေအတွက် အနည်းဆုံးဖြစ်ကြောင်း တွေ့ရှိရပါသည် ။

(၂) အစိုးရနှင့်ပုဂ္ဂလိကရေအရင်းအမြစ်များမှရေသွင်းနိုင်သည့်ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ရေအရင်းအမြစ်နှင့်ရေသွင်းဧရိယာ

| စဉ် | အရင်းအမြစ် | ရေသောက်(ဧက) | ရေရရှိနိုင်မှု | | |
|---|---|---|---|---|---|
| | | | တစ်နှစ်ပတ်လုံး/ရာသီအလိုက်(မှန်ရာတစ်ခုကိုသာရွေးရန်) | လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်) | လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်) |
| ၁ | ဆည် | | တစ်နှစ်ပတ်လုံး☐ရာသီအလိုက်☐<br>မဖြေဆိုပါ☐ | ရှိ☐မရှိ☑မဖြေဆိုပါ☐ | လျော့☐တိုး☐<br>အပြောင်းအလဲမရှိ☑ |
| ၂ | ရေလွှဲဆည် | | တစ်နှစ်ပတ်လုံး☐ရာသီအလိုက်☐<br>မဖြေဆိုပါ☑ | ရှိ☑မရှိ☐မဖြေဆိုပါ☐ | လျော့☐တိုး☐<br>အပြောင်းအလဲမရှိ☑ |
| ၃ | မြစ်ရေတင်စီမံကိန်း | | တစ်နှစ်ပတ်လုံး☐ရာသီအလိုက်☐ | ရှိ☐မရှိ☐မဖြေဆိုပါ☑ | လျော့☐တိုး☐<br>အပြောင်းအလဲမရှိ☑ |

| စဉ် | အရင်းအမြစ် | ရေသောက် (ဧက) | ရေရရှိနိုင်မှု | | |
|---|---|---|---|---|---|
| | | | တစ်နှစ်ပတ်လုံး/ ရာသီအလိုက်(မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်) | လုံလောက်မှု (ရှိ/မရှိ) (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) | လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်) |
| | | | မဖြေဆိုပါ☑ | | |
| ၄ | ရေသွင်းမြောင်း | | တစ်နှစ်ပတ်လုံး☐ရာသီအလိုက်☐ မဖြေဆိုပါ☑ | ရှိ☐မရှိ☐မဖြေဆိုပါ ☑ | လျော့☐တိုး☐ အပြောင်းအလဲမရှိ☑ |
| ၅ | အဝီစိတွင်း | | တစ်နှစ်ပတ်လုံး☐ရာသီအလိုက်☐ မဖြေဆိုပါ☑ | ရှိ☐မရှိ☐မဖြေဆိုပါ ☑ | လျော့☐တိုး☐ အပြောင်းအလဲမရှိ☑ |
| ၆ | လက်ငင်ရေတွင်း | | တစ်နှစ်ပတ်လုံး☑ရာသီအလိုက်☐ မဖြေဆိုပါ☐ | ရှိ☑မရှိ☐မဖြေဆိုပါ ☐ | လျော့☐တိုး☐ အပြောင်းအလဲမရှိ☑ |
| ၇ | စိမ့်စမ်းရေ | | တစ်နှစ်ပတ်လုံး☐ရာသီအလိုက်☐ မဖြေဆိုပါ☑ | ရှိ☐မရှိ☐မဖြေဆိုပါ ☑ | လျော့☐တိုး☐ အပြောင်းအလဲမရှိ☑ |
| ၈ | ချောင်းရေ | | တစ်နှစ်ပတ်လုံး☐ရာသီအလိုက်☐ မဖြေဆိုပါ☑ | ရှိ☐မရှိ☐မဖြေဆိုပါ ☑ | လျော့☐တိုး☐ အပြောင်းအလဲမရှိ☑ |

လေ့လာတွေ့ရှိချက်။ ။ <u>ကျေးရွာတွင် ရေသွင်းစိုက်ပျိုးသည့် မြေမရှိကြောင်းလေ့လာတွေ့ရှိရပါသည်။</u>

(၃) အဓိကသီးနှံများနှင့်အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့်အထွက်နှုန်း

| သီးနှံ | စုစုပေါင်းစိုက်ဧက | တစ်ဧကအထွက်နှုန်း | | | | သီးနှံစိုက်ပျိုးသည့်ကာလ | | သွင်းအားစုလိုအပ်ချက် (မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်) | အမြတ်ရရှိနိုင်မှု(မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်) | ထိခိုက်လွယ်မှု (မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်) |
|---|---|---|---|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျမ်းမျှ | မှ | ထိ | | | |
| စပါး | ၁၀၀၅ | တင်း | ၂၀ | ၅၀ | ၃၀ | နယုန် | တန်ဆောင်မုန်း | မြင့်☐လတ် ☐☑ နိမ့်☐ | မြင့်☐လတ်☐ နိမ့်☑ | မြင့်☐လတ်☑ နိမ့်☐ |
| ပဲ | ၂၀၀ | တင်း | ၃၀ | ၄၀ | ၃၅ | သီ တင်းကျွတ် | တပေါင်း | | | |
| ကြံ | ၂၀၀ | ပိဿာ | ၁၀၀၀ | ၁၂၀၀ | ၁၁၀၀ | သီ တင်းကျွတ် | တပေါင်း | | | |
| ငရုတ် | ၁၅၀ | တင်း | ၃၀ | ၅၀ | ၄၀ | သီ တင်းကျွတ် | တပေါင်း | မြင့်☐လတ် ☑နိမ့်☐ | မြင့်☐လတ်☐ နိမ့်☑ | မြင့်☐လတ်☑ နိမ့်☐ |
| | | | | | | | | မြင့်☐လတ် ☑နိမ့်☐ | မြင့်☐လတ်☐ နိမ့်☑ | မြင့်☐လတ်☑ နိမ့်☐ |

လေ့လာတွေ့ရှိချက်။ ။ <u>ကျေးရွာတွင် စပါးကို အဓိက စိုက်ပျိုးပြီး ပဲ၊ ကြံ၊ ငရုတ်များကိုလည်း စိုက်ပျိုးကြကြောင်း</u>

တွေ့ရှိရပါသည်။

(၄) လယ်ယာသုံးစက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏စိုက်ပျိုးရေးသုံးကိရိယာများပိုင်ဆိုင်မှု

| စက်အမျိုးအစား | တစ်ဦးချင်းပိုင် | ရွာပိုင် | အဖွဲ့ပိုင် | ငှားရမ်းလုပ်ကိုင်နေသောတောင်သူအရေအတွက် |
|---|---|---|---|---|
| **ထွန်စက်** | | | | |
| **လက်တွန်းထွန်စက်** | ၅၀ | | | ၉၀ |
| **အစေ့ချကိရိယာ** | | | | |
| **ရိတ်သိမ်းခြွေလှေ့စက်** | | | | |
| **ရိတ်သိမ်းစက်** | | | | |
| ခြွေလှေ့စက် | | | | |
| ရေစုပ်စက် | | | | |
| ခြေနင်းရေတင်စက် | | | | |
| **မြက်ရိတ်စက်** | | | | |

လေ့လာတွေ့ရှိချက်။။ ကျေးရွာတွင် လက်တွန်းထွန်စက်ပိုင်ဆိုင်သည့် အိမ်ထောင်စု ၅၀ စုရှိပြီး ငှားရမ်းလုပ်ကိုင်သူ ၉၀ ဦး ရှိပါသည်။ ကျေးရွာတွင် စိုက်ပျိုးရေးသုံး ကိရိယာပိုင်ဆိုင်မှု နည်းပါးကြောင်း တွေ့ရှိရပါသည် ။

(၅) သီးနှံအထွက်နှုန်းတိုးစေရန်အတွက်အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံအထွက်နှုန်းတိုးစေရန်အတွက်အခွင့်အလမ်းများ

| အခွင့်အလမ်း | ဖော်ပြချက်/ရှင်းလင်းချက်<br>(မှန်ရာတစ်ခုကိုသာရွေးရန်။ဇယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီး မှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။) |
|---|---|
| သဘာဝရေမြေရာသီဥတုအနေအထား | **အလွန်ကောင်း☐ကောင်း☐သင့်တင့်မျှတ☑မဖြေဆိုပါ☐** |
| လယ်ယာမြေအသုံးချနိုင်မှု | **အလွန်ကောင်း☐ကောင်း☐သင့်တင့်မျှတ☑မဖြေဆိုပါ☐** |
| စိုက်ပျိုးရေအရင်းအမြစ် | **ပေါများ☐အသင့်အတင့်ရှိ☑မဖြေဆိုပါ☐** |
| ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု | **အလွယ်တကူရသည်☐ရသည်☐မဖြေဆိုပါ☑** |
| သီးနှံမျိုးစေ့ရရှိနိုင်မှု | **မျိုးကောင်းမျိုးသန့်များကိုလွယ်ကူစွာဝယ်ယူနိုင်သည်☐သီးနှံမျိုးစေ့များဝယ်ယူရရှိနိုင်သည်☑မဖြေဆိုပါ☐** |
| သဘာဝမြေဆွေး / အော်ဂဲနစ်မြေဩဇာနှင့်အခြားအော်ဂဲနစ်သွင်းအားစုများ | **လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ဝယ်ယူရနိုင်သည်☐မဖြေဆိုပါ☑** |
| ဓာတုပိုးသတ်ဆေး၊ဓာတ်မြေဩဇာနှင့်အခြားဓာတုဗေဒသွင်းအားစုများ | **လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ဝယ်ယူရနိုင်သည်☑မဖြေဆိုပါ☐** |

| အခွင့်အလမ်း | ဖော်ပြချက်/ရှင်းလင်းချက်<br>(မှန်ရာတစ်ခုကိုသာရွေးရန်။ဇယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီး မှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက "မဖြေဆိုပါ" ဟူသောအကွက်ကိုရွေးရန်။) |
|---|---|
